အဋ္ဌေဝါသိကဝတ္တဥ္စ၊ သင်္ဂြိုဟ် ထောက်ပင့် ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့ကပြုရာသော ဝတ်ရင်း။

ဣတိ၊ ဤသို့။ ဣမာနိ စုဒ္ဒသခန္ဓကဝတ္တာနိ၊ ဤ ၁၄-ပါး ကုန်သော ခန္ဓကဝတ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်ပြီ။ တေသုနိ စ၊ ဤဝတ်တို့ကိုလည်း။ သမ္ဗေသံ၊ ခပ်သိမ်းကုန်သော ရဟန်း သာမဏေတို့သည်။ သဗ္ဗဒါ စ၊ အခါခပ်သိမ်းလျှင်။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ စရိတဗ္ဗာနိ၊ ကျင့်ထိုက်ကုန်၏။

ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။

ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

တသ္မာ ဟိ ဝတ္တံ ပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ တတော နိဗ္ဗာနမေဟိတိ။

( စူဠဝါ ဝတ္တက္ခန္ဓကပါဠိ )

ဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ အပရိပူရေန္တော၊ မဖြည့်ကျင့်သော ရဟန်း သာမဏေသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ဖြည့်ကျင့်သည် မမည်။ အသုဒ္ဓသီလော၊ မစင်ကြယ်သော သီလရှိသော။ ဒုပ္ပညော၊ ပညာမရှိသော ရဟန်း သာမဏေသည်။ စိတ္တေကဂ္ဂံ၊ စိတ်၏ ငြိမ်သက် တည်ကြည် ခြင်းကို။ န ဝိန္ဒတိ၊ မရနိုင်။